# ရွေးချယ်ခံရသူများ အမည်စာရင်းထုတ်ပြန်ကြေညာခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အသစ်ခေါ်ယူခန့်ထားမည့် လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်းနှင့် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ပြီး ရွေးချယ်ခံရသူများ၏ အမည်စာရင်းအား ပူးတွဲပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အဆိုပါရာထူးနေရာများအတွက် ရွေးချယ်ခံရသူများသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ အထွေထွေစီမံခန့်ခွဲရေးဌာနသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ အောင်စာရင်းပါ သတ်မှတ်ထားသည့်နေ့ရက် နံနက် ၁၀:၀၀ နာရီ အရောက် လူကိုယ်တိုင် လာရောက် သတင်းပို့ရမည်ဖြစ်သည်-

(က) ဘွဲ့လက်မှတ်/ ပညာအရည်အချင်းလက်မှတ်မူရင်းနှင့်မိတ္တူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ် မူရင်းနှင့်မိတ္တူ

(ဃ) ၃ လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၁၀ ပုံ ( ၁ x ၁.၂၅ လက်မ ) (အမျိုးသားများ လည်ဂုတ်တုံးအဖြူ၊ အမျိုးသမီးများ ရင်ဖုံးအဖြူဝတ်ဆင်ပြီး နောက်ခံအပြာရောင်ဖြင့်ရိုက်ကူးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့်မိတ္တူ

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မူရင်းနှင့်မိတ္တူ

(ဆ) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀တန်း ရွေးချယ်ခံရသူများသည် တစ်ဆက်တည်းလုပ်သက် ၁၀ နှစ် တာဝန်ထမ်းဆောင်ပါမည်၊ ပျက်ကွက်ပါက လျော်ကြေးငွေ ၁,၀၀၀,၀၀၀ိ/- (ကျပ်တစ်ဆယ်သိန်းတိတိ) ပေးလျော်ပါမည် ဆိုသည့် အာမခံမည့် မိဘ/ဆွေမျိုး/မိတ်ဆွေ (၂)ဦးတို့အား မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမူရင်း+မိတ္တူယူဆောင်၍ လူကိုယ်တိုင် ခံဝန်လက်မှတ်ရေးထိုးပေးရန်။

(ဇ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀တန်း ရွေးချယ်ခံရသူများသည် တစ်ဆက်တည်းလုပ်သက် ၃ နှစ် တာဝန်ထမ်းဆောင်ပါမည်၊ ပျက်ကွက်ပါက လျော်ကြေးငွေ ၁၀၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ) ပေးလျော်ပါမည်ဆိုသည့် အာမခံမည့် မိဘ/ဆွေမျိုး/

မိတ်ဆွေ (၂)ဦး တို့အား မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမူရင်း + မိတ္တူယူဆောင်၍ လူကိုယ်တိုင်ခံဝန် လက်မှတ်ရေးထိုးပေးရန်၊

၃။ ရွေးချယ်ခံရသူများအနက်မှ သတ်မှတ်ထားသောနေ့ရက်တွင် လာရောက်သတင်းပို့ရန်၊ ပျက်ကွက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်သူများ၏ ရာထူး နေရာများ၌ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၀(င) (ဇ)အရ ဝန်ထမ်းရွေးချယ် ခန့်ထားရေး အရန်စာရင်းရှိ အမှတ်အများအနည်းအလိုက် တန်းစီဇယားအမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထား မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အထွေထွေစီမံခန့်ခွဲရေး ဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။